**တိုက်တွန်းချက်။** ။မိကောင်း ဘခင်တို့သည် မိမိတို့သား သမီးများကို ပညာတတ်အောင် စာသင်ကျောင်းသို့လည်း ပို့ရ, အရာရာ၌ လိမ္မာအောင်လည်း ပြောဆိုသင်ပြရသကဲ့သို့ ထို့အတူ ဆရာကောင်းတို့သည်လည်း မိမိတပည့်များကို ပညာတတ်အောင်လည်း သင်ပြဘို့တာဝန်, အဝတ်အစား အနေအထိုင် အပြော အဟော တတ်အောင်လည်း သင်ပြဘို့ တာဝန် ရှိကြောင်းမှာ ဤပြခဲ့သော ကျင့်ဝတ် များဖြင့် ထင်ရှားပါသည်။

ဝိနည်းမဟာဝဂ္ဂအဋ္ဌကထာ မဟာခန္ဓက ပဗ္ဗဇ္ဇာဝိနိစ္ဆယ ခဏ်း၌လည်း "ရှင်သာမဏေ အသစ်ကို သင်္ကန်းဝတ်နည်း, ရန်းနည်း, သပိတ်ကိုင်နည်း, စားသောက်နည်း စသည်၌ အချိုးမကျသေးသမျှ ဆွမ်းစားကျောင်း စသော အများ စုပေါင်းရာ အရပ်သို့ သွား၍ မစားမသောက် မနေမထိုင် စေသေးဘဲ ဆရာ၏ အနီးအပါး၌သာ အရာရာ သင်ပြ၍ အချိုးကျအောင် ပြုပြင်ကြပါလေ"ဟု တိုက်တွန်းချက် ရှိပါသည်၊ ထို့ကြောင့် ဤပြခဲ့သော ကျင့်ဝတ်များကို နားလည်အောင် ပြောပြတော်မူကြစေလိုပါသည်။

ထိုသို့ နားလည်ပြီးသော အခါလည်း ရဟန်းသာမဏေ ဘဝ၏စိတ်သားမွန်မြတ်ရပုံ ထင်ရှားစေခြင်းငှါငှင်း,အကယ်၍ လူထွက် သွားစေကာမူ သာသနာတော်၏ အကြောင်း ကောင်းကောင်း နားလည်၍ သာသနာကို ပြုစုတတ်သော သူတော်ကောင်း ဒါယကာတယောက် ဖြစ်စေခြင်းငှါငှင်း ယခု ညွှန်ပြမည့် အဘိဏှဒသမေ့ သတ်တော်နှင့် အတိုချုပ် ကမ္မဋ္ဌာန်း ဘာဝနာကိုလည်း သင်ပြ၍ ကြည်ညိုဘွယ် နည်း